


# စေ့စပ်ဆွေးနွေးပွဲနဲ့ စကားပြောပွဲ

(ရဲဘော်ဖိုးသံချောင်း)

ဒီနေ့ဗမာပြည်မှာ ဖေဖော်ဝါရီလထဲမှာ ထုတ်ပြန်လိုက်တဲ့ ၁/၂၀၀၈ နဲ့ ၂/၂၀၀၈ တို့ရဲ့ ဂယက်တွေ အပြင်းအထန်ရိုက် ခတ်နေပါတယ်။ အဲဒါကတော့ နအဖစစ်အစိုးရဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ "စကားပြော" နေတဲ့အကြားက သူတို့ရဲ့ဖွဲ့စည်း အုပ်ချုပ်ပုံဥပဒေကို အတည်ပြုဖို့နဲ့ ရွေးကောက်ပွဲ အစီအစဉ်တို့ကို အတင်းတင်ပြလာတာဖြစ်ပါတယ်။ ဒါဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ နအဖတို့ "စကားပြော" တာရဲ့အဖြေလား၊ နောက်ဆက်တွဲလား၊ စဉ်းစားစရာ ဖြစ်ပါတယ်။ အဲဒီ "စကားပြောပွဲ" ဟာ ဘာဖြစ်သွားပြီလဲ၊ ဆက်ပြီး ပြောခိုင်းထား အုန်းမှာလား၊ မေးစရာတွေလည်းပေါ်လာပါတယ်။

တကယ်တော့ ဒီစကားပြောပွဲဟာစံကျတဲ့ စစ်အုပ်စုပုံစံ စကားပြောပွဲတခုသာဖြစ်ပါတယ်။

ဒီလိုဆိုတော့ စကားပြောပွဲဆိုတာနဲ့ စေ့စပ်ဆွေးနွေးပွဲဆိုတာတို့ရဲ့ ခြားနားချက်ကို ပြောဖို့လို လာပါတယ်။ စေ့စပ်ဆွေး နွေးတယ်ဆိုတာဟာ နစ်ဖက်ကွဲလွဲနေတာတွေကို ဖြေရှင်းရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဦးတည်ချက်ရှိရှိ စကားပြောကြတာ ဖြစ်ပါတယ်။ စကားပြောပွဲ ဆိုတာကတော့ ဘာဘောင်မှခတ်မထားတဲ့၊ တနည်းပြောရရင် ဦးတည်ချက်မထားပဲ ပြောရင်လည်း ပြောလို့ရတဲ့ စကားပြောခြင်းတရပ် ဖြစ်ပါတယ်။ နဝတ - နအဖရဲ့သက်တမ်းတလျှောက်မှာ စေ့စပ်ဆွေး နွေးတယ်ဆိုတဲ့ စကား မပြောနဲ့ စာပွဲဝိုင်းမှာ ထိုင်တယ်ဆိုတဲ့ စကားမျိုးကိုတောင် မသုံးဘူး ဆိုတာ သတိပြုမိပါတယ်။ သူတို့တတွေ ငြိမ်းအဖွဲ့တွေနဲ့ တွေ့ဆုံတာတွေမှာတောင် ဒီလိုအသုံး အနှုန်းတွေ မသုံးတော့ ပါဘူး။

တကယ်ကျတော့ စစ်အုပ်စုတိုင်းလိုလိုပဲ 'စေ့စပ်ဆွေးနွေးရေး' ကို ယတိပြတ် ငြင်းပယ်လေ့ ရှိပါတယ်။ သူတို့ဟာ 'သရေပွဲ' ဆံတဲ့ အဖြေမျိုးကို လက်ခံနိုင်စွမ်းမရှိပါဘူး။ သူတို့က 'နိုင်ရမှ' ကြိုက်ပါတယ်။ 'နိုင်' ပြီးပြီဆိုတော့မှ ဘယ်၍ ဘယ်သို့သော စည်းကမ်းချက်တွေနဲ့ အညံ့ခံပါ၊ လက်နက်ချပါ၊ အဲဒီကျမှ နိုင်သူနဲ့ရှုံးသူ 'စကားပြောပွဲ' လုပ်ကြမယ်လို့ ပြောလေ့ရှိတာဟာ သူတို့ရဲ့ဝသီပါ။ ထုံးစံပါ။ ဒါဟာ စစ်ဗိုလ်ချုပ်ရဲ့ အတွေးအခေါ်နဲ့ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ စဉ်းစားမှု ခြားနားချက်လို့ ပြောရင်ရ မယ်ထင်ပါတယ်။

စစ်ဗိုလ်တွေရဲ့ ဒီလိုအတွေးအခေါ်ကို ကမ္ဘာ့စစ်ပွဲ (၂) ခုမှာလည်းတွေ့ခဲ့ကြရပါတယ်။ ဒုတိယ ကမ္ဘာစစ်ပွဲမှာ ဂျပန်ကို အဲဒီနည်းနဲ့ လက်နက်ချခိုင်းခဲ့ ပါတယ်။ ဒါပေမဲ့ ဂျပန်က တင်းခံနေတော့ မနိုင်နိုင်တဲ့နည်းနဲ့ 'အနုမြူဗုံးကြဲချခဲ့တာပါပဲ။ ကိုးရီးယား စစ်ပွဲ (၁၉၅၀ - ၅၃ ခုနှစ်) မှာ ကျတော့ လည်း စစ်ဗိုလ်တွေက (အမေရိကန်က မက်အာသာက) စစ်ပွဲကြာလာတာနဲ့အမျှ သူတို့ဖက်က အကျအဆုံးများလာလို့ အနိုင်အရှုံးပြတ်ဖို့ အနုမြူဗုံးကိုသုံးချင်ပါတယ်။ ဒီအခါမှာ နိုင်ငံရေး ခေါင်းဆောင်ဖြစ်နေတဲ့ သမ္မတထရူးမင်းက မက်အာသာကို 'ကိုယ်အာဏာမပိုင်တဲ့ ပေါ်လစီကို ထုတ်ပြန်ခဲ့မှု'နဲ့ ကိုးရီးယားစစ်မြေပြင်တပ်မှူး အဖြစ်က ဖြုတ်ပစ်ခဲ့ရပါတယ်။ တကယ်တော့ ထရူးမင်းဟာ ဂျပန်မှာအနုမြူဗုံးကြဲဖို့ အမိန့်ပေးခဲ့သူဖြစ်ပါတယ်။ အဲဒီတုန်းက ဆိုဗီယက်မှာ အနုမြူဗုံးမရှိပါဘူး။ ဂျပန်ကို နာလန်မထူနိုင်အောင် အနုမြူဗုံး ကြဲပြလိုက်တော့ ဆိုဗီယက်ကိုလည်း ခြောက်လှန့်ပြီးဖြစ်သွားလို့ အကျိုး (၂) ခုရလိုက်ပါတယ်။ ကိုးရီးယားစစ်ပွဲမှာ တရုတ်ပြည်အပေါ် အနုမြူဗုံးကြဲမိရင် ဆိုဗီယက်ကဝင်ပါရလိမ့်မယ်။ ဆိုဗီယက်မှာက အနုမြူဗုံးရှိနေ ပါပြီ။ ကမ္ဘာဖျက်စစ်ပွဲကြီး ဖြစ်တော့မှာ သေချာသလောက်ပါ။ ဒါကြောင့် အရမ်းပြော အရမ်းလုပ် မယ့်စစ်ဗိုလ် မက်အာသာကိုအိမ်ဖြူတော်က ဖြုတ်လိုက်ရတာပါပဲ။ ဒီလိုနဲ့ သမ္မတအိုက်ဆင် ဟောင်ဝါ လက်ထက်မှာကျမှ နှစ်ဖက်စလုံးက 'သရေပွဲ' အဖြစ် အသိအမှတ်ပြုပြီး စစ်ကိုရပ် လိုက်တာ ဖြစ်ပါတယ်။ ကိုရီးယားစစ်ပွဲဟာ နိုင်ငံရေးနည်းနဲ့ ရှင်းမှပြီး သွားတာပါ။

ဗီယက်နမ်စစ်ပွဲမှာလည်း ဒီလိုပြဿနာကြုံခဲ့ဖူးပါတယ်။ အမေရိကန်ဟာ စစ်ကိုနိုင်အောင် တိုက်နိုင်မယ်ထင်လို့ ပဲရစ် ဆွေးနွေးပွဲတွေကို ဟန်ဆောင်လောက်လုပ်ပြီး အချိန်ဆွဲနေခဲ့ တာပါ။ ဒါပေမဲ့ စစ်ပွဲဟာ သူတို့ ထင်သလိုဖြစ်ပေါ်မလာပဲ ဖြုံးဆိုအကွေ့အချိုးတခုကို ရောက်သွားပြီး အမေရိကန်တွေ အကုန်ထွက်ပြေးရတာဖြစ်ပါတယ်။ စစ်တိုက်နေတဲ့ စစ်ဗိုလ်တွေက နိုင်ရမှကြိုက်ပါတယ်။ အရှုံးအနိုင် ပြတ်ပြီးမှ စကားပြောချင်ပါတယ်။ သေနတ်နဲ့ပြောပြီးမှ ပါးစပ်နဲ့ပြောချင်ကြတာပါ။ တကယ်တော့ ဗမာပြည်အရေးနဲ့ ပတ်သက်လို့ 'သရေပွဲ' ထားဖို့ဆိုတဲ့ နိုင်ငံရေးနည်းနာဟာ အသစ်အဆန်းမဟုတ်ပါဘူး။ သခင် ကိုယ်တော်မှိုင်းရဲ့ 'သူမနာကိုယ်မနာ သင့်ပုန်းချေရေး' နည်းဟာ 'သရေပွဲ' အဖြစ် လက်ခံတဲ့နည်းပဲဖြစ်ပါတယ်။ ဒါပေမဲ့ဒါကို ဖဆပလအစိုးရနဲ့ စစ်ဗိုလ်တွေက "အဖိုးကြီးဟာ သူပုန်တွေအတွက် ရှေ့နေလုပ်တယ်" လို့ ပစ်ပစ်ခါခါပြောပြီး အပြုတ်တိုက်ရေးကို လုပ်ကြတာနဲ့ ပြည်တွင်းစစ်ကြီး ဒီနေ့အထိ မပြီးမပြတ် ဖြစ်နေရတာပါပဲ။

မဆလခေတ်မှာ ဒေါက်တာမောင်မောင်ဟာ ဗိုလ်နေဝင်းရဲ့ ရုပ်သေးရုပ် တရုပ် သက်သက် ဖြစ်ပါတယ်။ သူ့အာဏာရ လိုက်တဲ့ ရက်ပိုင်းလေးအတွင်းမှာပြောခဲ့တာဟာ 'စေ့စပ်ဆွေးနွေးပွဲ' ခေါ်တာမဟုတ်ပါဘူး။ 'စကားပြောပွဲ' နည်းနဲ့ အချိန်ဆွဲချင် တာပါ။ ဒါကို ဘယ်သူကမှ ဝမ်းမပါးခဲ့ဘူးဆိုတာ အဲဒီကာလဖြတ်သန်းဖူးသူတိုင်းမှတ်မိကြပါတယ်။ သူက အပျော့ဆွဲဆွဲပြီး "လူ ထုအုံကြွမှု" ကို ရပ်ပေးအောင် လှည့်စားတာဖြစ်ပါတယ်။ ကြောင်ချေးပရိယာယ်ပါ။ သူ့စကားထဲမှာ တကသ အဆောက်အဦ ကြီးကိုသူတို့ခေါင်းဆောင်မှုနဲ့ ပြန်ဆောက်ကြဖို့ ဆိုတာတောင် ပါသေးတာပဲ။ ဒီစကားမျိုးကို ဗိုလ်နေဝင်းက အပြောမခိုင်းရင် ဒေါက်တာ (ဗိုလ်) မောင်မောင် ကပြောဝံ့ပါ့မလား။"

နိုင်ငံရေးမှာ ရိုးအထုံထိုင်းနေသူ နာတတ်ပါတယ်။ ဒေါက်တာ (ဗိုလ်) မောင်မောင်ရဲ့ စကားတွေ ထဲမှာ ကွယ်ဝှက်ထားတဲ့ အဓိပ္ပာယ်တွေ အများကြီးပါနေတာကို သတိပြု သင့်ပါတယ်။

'အသံတိတ်နေတဲ့အများစုကြီး' ဆိုတဲ့စကားရဲ့အဓိပ္ပာယ်။

'တကသ အဆောက်အဦကို ပျော်ပျော်ပါးပါး ပြန်ဆောက်ကြပါစို့' (ထင်ပါရဲ့) ဆိုတာရဲ့ အဓိပ္ပာယ်။

'၁၉၇၄ (မဆလ) အခြေခံဥပဒေ' ကို ပြုပြင်သင့်တာပြင်ဖို့ဆိုတဲ့ အဓိပ္ပာယ် စသဖြင့် စကားတိုင်းရဲ့ နောက်ကွယ်က အဓိပ္ပာယ်တွေကို တွေ့အောင်ကြည့်တတ်ရပါမယ်။

အလားတူပဲ ဗိုလ်သန်းရွှေတို့က 'စကားပြောတယ်' ဆိုတာရဲ့ နောက်ကွယ်မှာ ဖုံးဝှက်ထားတဲ့အဓိပ္ပာယ်ကိုလည်း ကျွန်တော်တို့ ထိုးထွင်းကြည်တတ်ဖို့လိုပါတယ်။ ကျွေးရင်ကျွေးတိုင်းစားတဲ့ အရွယ်တွေမဟုတ်ကြတော့ပါဘူး။